

# ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှု စီမံကိန်း

# အကျဉ်းချုပ်

၂၀၂၄-၂၀၂၈

Burmese | မြန်မာ

# ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှု စီမံကိန်း ၂၀၂၄-၂၀၂၈ အကျဉ်းချုပ်

ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော (CALD) အသိုင်းအဝိုင်းများသည် နိုင်ငံတော် မသန်စွမ်းမှုအာမခံ အစီအစဉ် (NDIS) အကြောင်း လေ့လာခြင်း၊ ရယူခြင်းနှင့် သုံးစွဲခြင်းတို့တွင် စိန်ခေါ်မှုများနှင့် အတားအဆီးများစွာကို ရင်ဆိုင်ရသည်။

ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲသော ပါဝင်သုံးစွဲသူများအတွက် ရလဒ်များ ပိုမိုတိုးမြှင့်ပေးစေရန် နိုင်ငံတော် မသန်စွမ်းသူများ အေဂျင်စီ (NDIA) သည် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှု စီမံကိန်း ၂၀၂၄-၂၀၂၈ (စီမံကိန်း) နှင့် လုပ်ဆောင်ရန် စီမံချက်ကို ရေးဆွဲခဲ့ပါသည်။

ဤစီမံကိန်း၏ရည်မှန်းချက်မှာ-

- ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသောအသိုင်းအဝိုင်းများအတွက် NDIS ရယူခြင်းနှင့် ပါဝင်သုံးစွဲခြင်းကို မြှင့်တင်ပေးရန်
- ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော ပါဝင်သုံးစွဲသူများ NDIS အစီအစဉ်များကို ပိုမို အသုံးချရန်
- ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော အသိုင်းအဝိုင်းများနှင့် ပါဝင်သုံးစွဲသူများအတွက် NDIS နှင့် အတွေ့အကြုံကို မြှင့်တင်ပေးရန်။

ဤလုပ်ဆောင်ရန် စီမံချက်ကို စီမံကိန်း၏ တိုးတက်မှုအခြေအနေအား စောင့်ကြည့်၊ တိုင်းတာပြီး အစီရင်ခံစေရန်အတွက်လည်း ရေးဆွဲထားပါသည်။ ဤစီမံကိန်းနှင့် လုပ်ဆောင်ရန်စီမံချက် အပြည့်အစုံကို NDIS ဝဘ်ဆိုက် တွင် တွေ့ရှိနိုင်သည်။

---

မျက်နှာဖုံးဓာတ်ပုံ- ၁၀ ပတ်စောၡ မွေးဖွားခဲ့ပြီး ယခုအခါ အကြားအာရုံဆုံးရှုံးမှုနှင့် ဖွံ့ဖြိုးမှု သိသာစွာနှောင့်နှေးခြင်းများရှိသည့် လမ်းလျှောက်ခါစကလေးအရွယ် မဲလ်ဘုန်းရှိ ကလေး ဝီလို (Willow) သည် NDIS ထောက်ပံ့သည့်ကုထုံးများမှ ပံ့ပိုးကူညီမှုဖြင့် လက်ဟန်ပြသင်္ကေတနည်းဖြင့် ဆက်သွယ်ရာတွင် ကျွမ်းကျင်သူဖြစ်လာပါသည်။ NDIS ဝဘ်ဆိုဒ်တွင် ဝီလို (Willow) ၏အကြောင်းကိုဖတ်ပါ။

# ဤစီမံကိန်းကို ရေးဆွဲထားပုံ

ဤစီမံကိန်းကို ပူးတွဲ-ပုံစံမှတစ်ဆင့် ရေးဆွဲထားပါသည်။ ပူးတွဲ-ပုံစံရေးဆွဲရာတွင် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော အခြေခံများမှ မသန်စွမ်းသူ ၈၀၀ကျော် (ယဉ်ကျေးမှုကွဲနှင့် ဘာသာစကားကွဲပြားသော ပါဝင်သုံးစွဲသူများအပါအဝင်)၊ ၎င်းတို့၏ မိသားစုများနှင့် စောင့်ရှောက်သူများ၊ ဦးဆောင်အဖွဲ့အစည်းများ၊ မသန်စွမ်းသူများ၏ ကိုယ်စားလှယ်အဖွဲ့အစည်းများနှင့် ဝန်ဆောင်လုပ်ငန်း ပေးအပ်သူများနှင့် ပူးပေါင်းလုပ်ဆောင်မှု ပါဝင်ပါသည်။

NDIA သည် ဆွေးနွေးအုပ်စုများ၊ ရပ်ရွာလူထုနှင့် စကားပြောဆိုမှုများ၊ အများပြည်သူအတွက် သတင်းအချက်အလက်ဟောပြောပွဲများ၊ အွန်လိုင်းစစ်တမ်းများနှင့် စာရေးသားတင်သွင်း ချက်များမှတစ်ဆင့် ထိတွေ့ဆက်ဆံခဲ့ကြသည်။

ဆက်သွယ်ဆောင်ရွက်သည့် အခင်းအကျင်း အမျိုးမျိုးနှင့် လှုပ်ရှားမှု အမျိုးမျိုးကို ကျင်းပပေးခြင်းဖြင့် NDIS အား ပိုမိုတိုးမြှင့်လုပ်ဆောင်ပေးရမည့် ၎င်းတို့၏ အတွေ့အကြုံ များနှင့် အကြံပြုချက်များကို တင်ပြပေးကြရန် ယဉ်ကျေးမှုကွဲ နောက်ခံမှ မသန်စွမ်းသူများအား ထောက်ခံပေးကြောင်း အာမခံထားပါသည်။

ဤစီမံကိန်းနှင့် လုပ်ဆောင်ရန် စီမံချက်ကို ရေးဆွဲရန်အတွက် အောက်ပါအဖွဲ့အစည်းများ၏ ပံ့ပိုးမှု၊ အကြံပြုမှုနှင့် လမ်းညွှန်မှုများကို ထည့်သွင်းပံ့ပိုးထားပါသည်-

1. နိုင်ငံလုံးဆိုင်ရာ မသန်စွမ်းသူများ၏ အဖွဲ့အစည်းတစ်ရပ်ဖြစ်သည့် National Ethnic Disability Alliance (NEDA) သည် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော မသန်စွမ်းသူများနှင့် အင်္ဂလိပ်စကား မပြောတတ်သော အခြေခံမှ မသန်စွမ်းသူများကို ပံ့ပိုးပေးသည်။
2. ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားသော အခြေခံများမှ မသန်စွမ်းသူများအတွက် လုပ်ကိုင်ပေးပြီး ကိုယ်စားပြုလုပ်ဆောင်ပေးသော ကိုယ်စားလှယ်များပါဝင်သည့် ပြင်ပအကြံပေးအဖွဲ့ (EAG)။

NEDA နှင့် EAG တို့၏ ပူးပေါင်းလုပ်ဆောင်ခြင်းသည် လက်တွေ့-ကြုံတွေ့မှုနှင့် ယဉ်ကျေးမှုကွဲ ဘာသာစကားကွဲတို့၏ အမြင်များကို ပူးတွဲ-ပုံစံ လုပ်ငန်းဖြစ်စဉ် အဆင့်တိုင်းတွင် ထည့်သွင်းသုံးစွဲရန် အထောက်အကူဖြစ်စေပါသည်။

# ဤစီမံကိန်းက သင့်အပေါ် မည်သို့ သက်ရောက်ပုံ

## ပြောင်းလဲချက်အတွက် အကြောင်းရင်းများ

ပူးတွဲ-ပုံစံရေးဆွဲခြင်း၏အစဦးပိုင်းတွင် ဆွေးနွေးအုပ်စုများ၊ အုပ်စုလိုက်ဆွေးနွေးပွဲများနှင့် တစ်ဦးချင်းဆွေးနွေးပွဲတို့ကို ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ ပါဝင်သုံးစွဲသူများ၊ ၎င်းတို့၏ မိသားစုများနှင့် စောင့်ရှောက်သူများဖြင့် ကျင်းပပေးခဲ့ပါသည်။

ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ အသိုက်အဝန်းများစွာသည် NDIS ရယူသုံးစွဲသည့်အခါနှင့် အကြောင်းအရာကို လေ့လာဆည်းပူးသည့်အခါ အတားအဆီးများကြုံတွေ့ရကြောင်း ဤဆွေးနွေးမှုများမှတစ်ဆင့် ကျွန်ုပ်တို့ သိရှိခဲ့ပါသည်။ ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ ပါဝင်သုံးစွဲသူများအနေဖြင့် မိမိတို့၏ NDIS အစီအစဉ်များပါ သတင်းအချက်အလက်များနှင့် ပံ့ပိုးမှုများကို ရယူရန်ပိုမိုခက်ခဲသည့်အပြင် အစီအစဉ်ကို သုံးစွဲရန် ပိုမိုခက်ခဲကြောင်းလည်း ကျွန်ုပ်တို့ သိရှိခဲ့ရသည်။ NDIS ဝဘ်ဆိုက်ရှိ ယဉ်ကျေးမှုကွဲနှင့် ဘာသာစကားကွဲ စီမံကိန်း ၂၀၂၄-၂၀၂၈ အပြည့်အစုံတွင် မကြာခဏ ကြားရသည့် စိန်ခေါ်မှုများကို တွေ့ရှိနိုင်သည်။

## NDIA က မည်သို့ တိုးမြှင့်ပေးပုံ

NDIA သည် ဦးစားပေးရမည့် အပိုင်း (၆) ခုကို အုပ်စု ဖွဲ့၍ ရည်မှန်းချက်များကို သတ်မှတ်ပေးထားသည်။ ဤရည်မှန်းချက်များက NDIS အကြောင်း လေ့လာရန်၊ ရယူရန်နှင့် သုံးစွဲရန်အတွက် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ အသိုင်းအဝိုင်းများအား ပံ့ပိုးပေးရန် ရည်ရွယ်ပါသည်။

ဤရည်မှန်းချက်များကို အကောင်အထည်ဖော်ခြင်းအပြင် တိုင်းတာခြင်းလုပ်ရန်အတွက် လုပ်ဆောင်ရန် အစီအစဉ်တစ်ရပ်ကို NDIA က ရေးဆွဲထားပါသည်။ NDIS ဝဘ်ဆိုက်တွင် ယဉ်ကျေးမှုကွဲနှင့် ဘာသာစကားကွဲ စီမံကိန်း ၂၀၂၄-၂၀၂၈ လုပ်ဆောင်ရန် စီမံချက် အပြည့်အစုံကို ကြည့်ပါ။

ဤစီမံကိန်းဖြင့် ဖြေရှင်းပေးမည်ဖြစ်သည့် ဦးစားပေးလုပ်ဆောင်ရမည့် အပိုင်း (၆)ခုမှာ-

## 1. အခြေခံ အဆောက်အအုံ

NIDS နှင့် မိတ်ဖက်စနစ်များ၊ မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများသည် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ အသိုင်းအဝိုင်းများ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားလိုအပ်ချက်များကို ထည့်သွင်းထားသည်။

### ဤကိစ္စမှာ သင့်အတွက် ဖြစ်လာနိုင်မည့်အရာ-

NDIS လျှောက်ထားခြင်း၊ ပြန်လည်သုံးသပ်ရန် တောင်းဆိုခြင်း သို့မဟုတ် NDIS သို့ သဘောထားမှတ်ချက်ပေးခြင်းအတွက် သင့်အား ကောင်းစွာ ပံ့ပိုးပေးထားသည်။ ဤဆောင်ရွက်ချက်များကို သင့်ယဉ်ကျေးမှုနှင့် ဘာသာစကားလိုအပ်ချက်များနှင့် ကိုက်ညီသောနည်းလမ်းဖြင့် လုပ်ဆောင်နိုင်ပါသည်။

## 2. ဝန်ထမ်းစွမ်းရည်

NDIS နှင့် မိတ်ဖက်ဝန်ထမ်းများသည် မသန်စွမ်းသူများနှင့် ၎င်းတို့၏မိသားစုများအတွက် ယဉ်ကျေးမှုအရ မထိခိုက်စေဘဲ လိုသလိုလုပ်ဆောင်ပေးသော ဝန်ဆောင်မှုကို လုပ်ဆောင်ပေးပါသည်။

### ဤကိစ္စမှာ သင့်အတွက် ဖြစ်လာနိုင်မည့်အရာ-

NDIS နှင့် မိတ်ဖက်ဝန်ထမ်းများသည် သင့်ယဉ်ကျေးမှုနှင့် ဘာသာစကားလိုအပ်ချက်များကို သင်က တင်ပြရန် ထောက်ခံပံ့ပိုးပေးကြပြီး သင့်လိုအပ်ချက်များနှင့် သင့်လျော်စွာ တုံ့ပြန်ပေးပါသည်။

## 3. လွယ်ကူစွာလုပ်နိုင်သည့် ဆက်သွယ်ရေးများ

NDIS မှ မျှဝေထားသော အချက်အလက်များသည် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ အခြေခံများမှ မသန်စွမ်းသူများ၊ ၎င်းတို့၏ မိသားစုများနှင့် ၎င်းတို့၏ စောင့်ရှောက်သူများ၏ ယဉ်ကျေးမှုနှင့် ဆက်သွယ်ရေး လိုအပ်ချက်များနှင့် ကိုက်ညီပါသည်။

**ဤကိစ္စမှာ သင့်အတွက် ဖြစ်လာနိုင်မည့်အရာ-**

NDIS သည် သင့်အား သင်နှစ်သက်သောနည်းလမ်းဖြင့် ဆက်သွယ်ပြီး လိုအပ်ပါက အရည်အသွေးမြင့် ဘာသာပြန် ပံ့ပိုးမှု ရရှိရေးဖြင့် သင့်အား ပံ့ပိုးကူညီပေးပါမည်။

## 4. ဈေးကွက်များ

NDIS ဝန်ဆောင်မှုများကို ရရှိနိုင်ပြီး ၎င်းတို့မှာ ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ ပါဝင်သုံးစွဲသူများ၊ မိသားစုများနှင့် စောင့်ရှောက်သူများ၏ ယဉ်ကျေးမှုနှင့် ဘာသာစကားလိုအပ်ချက်များ နှင့်ကိုက်ညီပါသည်။

**ဤကိစ္စမှာ သင့်အတွက် ဖြစ်လာနိုင်မည့်အရာ-**

သင်သည် ယဉ်ကျေးမှုကို မထိခိုက်စေဘဲ လုံခြုံပြီး သင့်လျော်သော NDIS ပံ့ပိုးကူညီမှုများနှင့် ဝန်ဆောင်မှုများကို ရှာဖွေနိုင်ပြီး ရယူသုံးစွဲနိုင်သည်။

## 5. အချက်အလက်များ

ဝန်ဆောင်မှုလုပ်ငန်းများကို တိုးမြှင့်အောင်လုပ်ပေးရန်နှင့် NDIS ၏ သက်ရောက်မှုကိုနားလည်ရန် ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ ပါဝင်သုံးစွဲသူများ၏လိုအပ်ချက်များကိုနားလည်ရန် အချက်အလက်များကိုအသုံးပြုသည်။

**ဤကိစ္စမှာ သင့်အတွက် ဖြစ်လာနိုင်မည့်အရာ-**

ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ၏ အစီအစဉ်ပြုချက်သည် သင်၏ပင်ကိုယ်လက္ခဏာကို ပိုမိုထင်ပေါ်စေရန် ဖန်တီးထားပါသည်။

## 6. လက်လှမ်းမမှီသည့်နေရာ

NDIA သည် ယခင်က ကောင်းမွန်စွာ လက်လှမ်းမမှီခဲ့သော လူများနှင့် အသိုင်းအဝိုင်းတို့အား ပညာပေးရန်နှင့်ဆက်သွယ်ရန် ပံ့ပိုးမှုများနှင့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။

### ဤကိစ္စမှာ သင့်အတွက် ဖြစ်လာနိုင်မည့်အရာ-

သင့်အသိုင်းအဝိုင်းတွင် NDIS နှင့် မသန်စွမ်းမှုတို့ကို ပိုအကျယ်တဝင့် နားလည်မှုရှိကြပြီး၊ သင့်အနေဖြင့် NDIS အကြောင်း ပြောဆိုခြင်း သို့မဟုတ် လျှောက်ထားခြင်းအတွက် သင်ပိုမိုယုံကြည်မှုရှိလာသည်ဟု ခံစားရသည်။

## နောင် ဖြစ်လာမည့်အရာများ

NDIA သည် စီမံကိန်းတွင်ဖော်ပြထားသော လုပ်ဆောင်ရမည့်အရာများကို အကောင်အထည်ဖော်ပေးရန် ယခု လုပ်ဆောင်နေလျက်ရှိပါသည်။ ဤလုပ်ဆောင်ချက် တိုးတက်လာသည်နှင့်အမျှ ဤစီမံကိန်း၏ တိုးတက်မှုအခြေအနေကို တိုင်းတာရန်နှင့် စောင့်ကြည့်ရန်အတွက် ပုံမှန်နောက်ဆုံးသတင်းများကို ထုတ်ပြန်ပေးပါမည်။

တိုးတက်မှု အစီရင်ခံစာကို ၂၀၂၄ ခုနှစ်နှောင်းပိုင်းတွင် ထုတ်ပြန်ပါမည်။ ထိုအစီရင်ခံစာအားဖြင့် ဤစီမံကိန်းသည် ၎င်း၏ရည်မှန်းချက်များ အောင်မြင်သည် ဟုတ်/မဟုတ် ဖော်ပြပါမည်။

NDIA သည် ဤစီမံကိန်းမှာ အကောင်အထည်ပေါ် ပြီး လူမှုအသိုက်အဝန်း၏ ပြောင်းလဲနေသော လိုအပ်ချက်များကို ဖြည့်ဆည်းမှုပေါ်လွင်နေကြောင်း သေချာစေရန် ယဉ်ကျေးမှုကွဲ နောက်ခံများ၊ EAG နှင့် ယဉ်ကျေးမှုနှင့်ဘာသာစကားကွဲ လုပ်ငန်းကဏ္ဍတို့မှ မသန်စွမ်းသူများနှင့် ဆက်လက်၍ လုပ်ဆောင်သွားပါမည်။

## ပိုမိုသိရှိနိုင်ပုံ

သင့်တွင်-

- ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲ စီမံကိန်းနှင့်ပတ်သက်သော မေးခွန်းများ ရှိပါက
- NDIS လျှောက်ထားရန် သို့မဟုတ် အသုံးပြုရန် ပံ့ပိုးမှု လိုအပ်ပါက

သင်သည် NDIS ဖုန်း ၁၈၀၀ ၈၀၀ ၁၁၀၊ အီးမေးလ် enquiries@ndis.gov.au သို့မဟုတ် webchat သို့ ဆက်သွယ်နိုင်သည်၊ သို့မဟုတ် သင်၏ အနီးဆုံး NDIS ရုံးသို့ လာရောက်နိုင်ပါသည်။ ရုံးလိပ်စာများကို NDIS ဝဘ်ဆိုဒ် တွင် တွေ့နိုင်ပါသည်။

NDIS ယဉ်ကျေးမှုနှင့် ဘာသာစကားကွဲပြားမှု စီမံကိန်း ၂၀၂၄-၂၀၂၈ အပြည့်အစုံနှင့် လုပ်ဆောင်ရန် စီမံချက်ကို NDIS ဝဘ်ဆိုက် တွင် အလွယ်ဖတ် အပါအဝင် ဘာသာစကား ၁၇ မျိုးဖြင့် ရရှိနိုင်ပါသည်။

**ndis.gov.au**

**National Disability Insurance Agency**

တယ်လီဖုန်း- ၁၈၀၀ ၈၀၀ ၁၁၀

ဝဘ်ချတ်-ndis.gov.au

**ကျွန်တော်တို့၏ လူမှုမီဒီယာများအား စောင့်ကြည့်ပါ**

- Facebook
- Instagram
- YouTube
- LinkedIn

**အင်္ဂလိပ်စာ အကူအညီလိုအပ်သူများအတွက်**

- TIS: 131 450

**နားမကြားသူများ သို့မဟုတ် နားကြားအခက်အခဲရှိသူများအတွက်**

- TTY: 1800 555 677
- အသံ တစ်ဆင့်ခံ- 1800 555 727
- နိုင်ငံလုံးဆိုင်ရာ တစ်ဆင့်ခံ ဝန်ဆောင်မှု-accesshub.gov.au